# ဆောင်းရာသီတွင် စွမ်းအင်ချွေတာရေးဆိုင်ရာ လက်တွေ့ကျ အကြံပြုချက်များ။

တပ်စ်မေးနီးယား၏ အေးမြသောရာသီဥတုသည် အထူးသဖြင့် ဆောင်းရာသီတွင် စွမ်းအင်ဆိုင်ရာ ကျသင့်ငွေ တောင်းခံလွှာများအပေါ် ကြီးမားစွာ အကျိုးသက်ရောက်မှုရှိနိုင်သည်။.

ဤလွယ်ကူသော စွမ်းအင်ချွေတာရေးဆိုင်ရာ လက်တွေ့ကျ အကြံပြုချက်များကို သင့်အိမ်တွင် စမ်းကြည့်ပါ။

## အပူဓာတ်ကို အဆုံးရှုံး မခံပါနှင့်။

သင်အသုံးပြုနေသော အခန်းများကိုသာ အပူပေးပြီး သင့်အပူထိန်းကိရိယာကို 18 ဒီဂရီ စင်တီဂရိတ် မှ 21 ဒီဂရီ စင်တီဂရိတ် ကြား ချိန်ညှိထားပါ။

## နွေးထွေးမှုအတွက် ခန်းဆီးများ။

အိမ်အတွင်း နွေးထွေးနေစေရန် နေမဝင်မီ ခန်းဆီးများကို ဆွဲကာထားပါ။

## လေ အဝင်မခံပါနှင့်။

ပြတင်းပေါက်များနှင့် တံခါးများအောက်မှ နေရာလပ်များကို မိုးလုံလေလုံ တိပ်ပြား သို့မဟုတ် လေစိမ်းကာ အရာများဖြင့် လုံခြုံစွာ ကာထားပါ။

## ရေကို ခပ်သွက်သွက်ချိုးပါ။

ရေကို အပူပေးရန် စွမ်းအင်အလွန်သုံးရသည့်အတွက် ၅ မိနစ်အောက်သာ ရေချိုးပါ။

## အဝတ် အထပ်ထပ် ဝတ်ပါ။

သင့်အပူပေးစက်ကို မဖွင့်မီ အနွေးထည်နှင့် ခြေအိတ်အထူများဖြင့် နွေးထွေးစွာနေပါ။

စွမ်းအင်ချွေတာရေးဆိုင်ရာ လက်တွေ့ကျ အကြံပြုချက်များ ပိုမိုသိရှိရန် ပူးတွဲပါ QR ကုဒ်ကို စကန်ဖတ်ပါ။

aurora energy

# သင့် စွမ်းအင်ဆိုင်ရာ ကျသင့်ငွေ တောင်းခံလွှာများကို ပေးဆောင်ရန် ပံ့ပိုးကူညီမှု လိုအပ်ပါသလား။

ပေးဆောင်ရမည့် ကျသင့်ငွေသည် မျှော်လင့်ထားသည်ထက် ပိုမိုများပါက၊ Aurora Energy (အော်ရိုရာ အင်နဂျီ စွမ်းအင်ဆိုင်ရာ အဖွဲ့အစည်း) သည် ငွေပေးချေမှု အစီအစဉ်များ၊ စွမ်းအင်ဆိုင်ရာ အကြံပြုချက်များ၊ ငွေကြေးအခက်အခဲများနှင့်ပတ်သက်ပြီး သင့်အား ပံ့ပိုးကူညီပေးနိုင်ဖွယ်ရှိမည်။

## ငွေပေးချေရန် အချိန်တိုးပေးမှု။

သင်အသုံးပြုနေသော အခန်းများကိုသာ အပူပေးပြီး သင့်အပူထိန်းကိရိယာကို 18 ဒီဂရီ စင်တီဂရိတ် မှ 21 ဒီဂရီ စင်တီဂရိတ် ကြား ချိန်ညှိထားပါ။

## ငွေပေးချေမှု အစီအစဉ်များ။

သင်အချိန် အနည်းငယ်ပို လိုအပ်ပါက၊ ကျွန်ုပ်တို့ထံ၌ ရွေးချယ်နိုင်စရာ ငွေ ပေးချေမှုအစီအစဉ်ပေါင်း များစွာရှိပါသည်။

## နှစ်စဉ်လိုက် လျှပ်စစ်ဓာတ်အားခ လျှော့ပေါ့ပေးရေး အစီအစဉ်။

အကယ်၍ သင့်တွင် ပင်စင်စား သက်သာခွင့် ကတ်ပြား၊ ကျန်းမာရေး စောင့်ရှောက်မှု ကတ်ပြား သို့မဟုတ် ImmiCard (အင်မီ ကတ်ပြား) ရှိပါက သင်သည် သက်သာချောင်ချိရေးအတွက် အရည်အချင်းပြည့်မီမှု ရှိနိုင်ပါသည်။

## YES အစီအစဉ်။

ငွေကြေးအခက်အခဲကြုံနေကြသည့် ဝန်ဆောင်မှုရသူများအား စွမ်းအင်ဆိုင်ရာ ကျသင့်ငွေ တောင်းခံလွှာ အကြွေးများမတက်စေရန် အထောက်အကူပြုပေးသော ကျွန်ုပ်တို့၏ YES (Your Energy Support) (သင့်စွမ်းအင်ဆိုင်ရာ အထောက်အပံ့) အစီအစဉ်ကို ရယူနိုင်ပါသည်။

## သင့် စွမ်းအင်အသုံးပြုမှုကို aurora+ ဖြင့် စောင့်ကြည့် စစ်ဆေးနေပါ။

သင့်ဖုန်း၊ တက်ဘလက် သို့မဟုတ် ကွန်ပျူတာတို့တွင် သင်၏ စွမ်းအင် အသုံးပြုမှု၊ အသုံးပြုသည်နှင့်အမျှ ငွေပေးချေသွားမှု၊ သင့်စာရင်းလက်ကျန်တို့ကို aurora+ ကို အသုံးပြု၍ သင့်အား စောင့်ကြည့်စစ်ဆေးနိုင်စွမ်းပေးပါသည်။

ကျွန်ုပ်တို့အား ၁၃၀၀ ၁၃၂ ၀၀၃ ၌ ဖုန်းဆက်ပါ သို့မဟုတ် auroraenergy.com.au တွင်ကြည့်ပါ။

အကယ်၍သင် စကားပြန် လိုအပ်လျှင် ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှု အဖွဲ့အစည်း (TIS) သို့ ၁၃ ၁၄ ၅၀ ၌ ဖုန်းဆက်ပါ။

aurora energy